သို့

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နေပြည်တော်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

**အကြောင်းအရာ။ အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုပါရန် လျှောက်ထားခြင်း**

လျှောက်ထားသူသည် (ပညာအရည်အချင်း–––––––––––––––––––––––––––) ကို ၂၀ ခုနှစ်၊ လ ရက်နေ့တွင် အောင်မြင်ခဲ့ပြီး တရားလွှတ်တော်ရှေ့နေ ဦး/ဒေါ် ----------------------------- (လိုင်စင်အမှတ် / ) ထံတွင် ( - - ) ရက်နေ့မှ ( - - ) ရက်နေ့ထိ ရှေ့နေအလုပ်သင်အဖြစ် သင်ကြားခဲ့ပြီးဖြစ်ပါ၍ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေ ၆၊ နည်းဥပဒေ ၇ ပါပြဋ္ဌာန်းချက် များနှင့်အညီ အထက်တန်းရှေ့နေအဖြစ် အမည်စာရင်းတင်သွင်းခွင့်ပြုပါရန် လျှောက်ထားတင်ပြအပ်ပါသည် -

| | | |
|---|---|---|
| ၁။ | လျှောက်ထားသူအမည် | ---------------------------------------- |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ---------------------------------------- |
| ၃။ | အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ/ | ---------------------------------------- |
| | ဖုန်းနံပါတ်/ Email | ---------------------------------------- |
| ၄။ | ဖခင်အမည် | ---------------------------------------- |
| | အလုပ်အကိုင် | ---------------------------------------- |
| | နေရပ်လိပ်စာ | ---------------------------------------- |
| | | ---------------------------------------- |
| ၅။ | လျှောက်ထားသူ၏အသက် | ---------------------------------------- |
| | မွေးသက္ကရာဇ် | ---------------------------------------- |
| ၆။ | လူမျိုး / ဘာသာ | ---------------------------------------- |
| ၇။ | မွေးဖွားရာဇာတိ | ---------------------------------------- |
| ၈။ | ပညာအရည်အချင်း | ---------------------------------------- |
| | ( အသက်မွေးဝမ်းကျောင်းဆိုင်ရာ | ---------------------------------------- |
| | ဘွဲ့လက်မှတ်များအပါအဝင် ) | ---------------------------------------- |
| ၉။ | အတ္ထုပ္ပတ္တိအကျဉ်းချုပ် | ---------------------------------------- |
| | ( မူလတန်း ကျောင်းသားဘဝမှ ယခု | ---------------------------------------- |
| | ရောက်ရှိသည့်အချိန်ထိ ကိုယ်ရေး | ---------------------------------------- |
| | အတ္ထုပ္ပတ္တိအကျဉ်းချုပ် ရေးသားရန် ) | ---------------------------------------- |

| | | |
|---|---|---|
| ၁၀။ | အထက်တန်းပညာအောင်မြင်သည့်ခုနှစ် | ---------------------------------------- |
| ၁၁။ | ဘွဲ့ရသည့်ခုနှစ်<br>(ဥပဒေဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့)<br>(မှတ်ပုံတင်ရှေ့နေသင်တန်း<br>အောင်လက်မှတ်၊ အထက်တန်းရှေ့နေ<br>စာမေးပွဲအောင်လက်မှတ်) | ----------------------------------------<br><br>---------------------------------------- |
| ၁၂။ | ယခင်အလုပ်အကိုင်များ လုပ်ကိုင်ခြင်း<br>နှင့်စပ်လျဉ်း၍ ဖော်ပြရန် | ----------------------------------------<br>---------------------------------------- |
| ၁၃။ | ယခုလက်ရှိ အလုပ်အကိုင်များ<br>ဖော်ပြရန် (အစိုးရဝန်ထမ်းအဖြစ်<br>လည်းကောင်း၊ အခြားအလုပ်အကိုင်<br>ကိုလည်းကောင်းလုပ်ကိုင်ခြင်း ရှိ/မရှိ၊<br>ရှိပါကရာထူးအဆင့်ဖော်ပြရန်) | ----------------------------------------<br>----------------------------------------<br>---------------------------------------- |
| ၁၄။ | ရှေ့နေလိုင်စင်ထုတ်ပေးရာတွင် အဟန့်<br>အတားအဖြစ်သော်လည်းကောင်း၊ထိခိုက်<br>ဖွယ်ရာအဖြစ်သော်လည်းကောင်းဖြစ်ပွား<br>ခဲ့သည့် အဖြစ်အပျက်များ ရှိ / မရှိ | ----------------------------------------<br>----------------------------------------<br>---------------------------------------- |

ကျွန်တော် / ကျွန်မသည် ယခုလျှောက်လွှာနှင့် အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြပါသည် -

(က) တိုက်ပုံအနက်ဖြင့်ရိုက်ထားသော ဓါတ်ပုံ (၃) ပုံ

(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ် မူရင်းနှင့် မိတ္တူ

(ဂ) ဥပဒေဝိဇ္ဇာဘွဲ့၊ ဥပဒေဘွဲ့၊ မှတ်ပုံတင်ရှေ့နေစာမေးပွဲအောင်လက်မှတ်၊ အထက်တန်း ရှေ့နေစာမေးပွဲအောင်လက်မှတ် မူရင်းနှင့် မိတ္တူ

(ဃ) ရှေ့နေအလုပ်သင်အဖြစ် မှတ်ပုံတင်စာရင်းရေးသွင်းပြီးဖြစ်ကြောင်း ဤရုံး၏ အကြောင်းကြားစာ **မူရင်း**

(င) အလုပ်သင်ပြီးဆုံးကြောင်း တရားလွှတ်တော်ရှေ့နေ၏ထောက်ခံစာမူရင်း

(စ) လုပ်သက် (၅) နှစ်ပြည့်ပြီး တရားလွှတ်တော်ရှေ့နေ (၂) ဦး၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

(ဆ) အလုပ်အကိုင်မရှိကြောင်း ကျမ်းကျိန်လွှာမူရင်း

(ဇ) အထက်တန်းရှေ့နေလိုင်စင်ကို ယခင်က လျှောက်ထားဘူးခြင်း မရှိကြောင်းနှင့် ထပ်မံလျှောက်ထားပါက အရေးယူခြင်းခံရမည်ကို သိရှိကြောင်း ဝန်ခံသည့် ကျမ်းကျိန်လွှာမူရင်း

(ဈ) အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူ

(၁၀)　အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆ / ၆)  မူရင်းနှင့် မိတ္တူ

(၁၁)　ရှေ့နေအလုပ်သင်အဖြစ် တစ်နှစ်ပြည့်သင်ကြားခဲ့သည့်မှတ်တမ်းစာအုပ်

မှတ်ချက်။　လျှောက်ထားသူများသည် လျှောက်လွှာနှင့်ပူးတွဲပါစာရွက်စာတမ်းများ (Hard Copy) ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်ပြလျှောက်ထား ရမည့်အပြင် အဆိုပါ လျှောက်လွှာနှင့်ပူးတွဲပါ စာရွက်စာတမ်းများကို SCAN ဖတ်၍ PDF or JPG File ဖြင့် **Email-LIDP@usc.gov.mm** ပေးပို့ရမည်။ Soft Copy ကိုလျှောက်လွှာနှင့် အတူဖြစ်စေ၊ Email မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်သည်။ Soft Copy ၏ File name နှင့် Email ဖြင့် ပေးပို့ရာသည့် Subject name ကို (မိမိ၏အမည်+HGP) ဖြင့် ပေးပို့လျှောက်ထားရမည် ဖြစ်ပါသည်။

ဥပမာ−ဒေါ်လှိုင်လှိုင်ဦး၏ တရားလွှတ်တော်ရှေ့နေလျှောက်ထားခြင်း အတွက် (hlainghlaingoo+ HGP) ဖြင့်ဖော်ပြရန်ဖြစ်ပါသည်။

လေး စား စွာ ဖြင့်

အမည်　-----------------------

( လျှောက်ထားသူ )

# လျှောက်ထားသူ၏ကတိဝန်ခံချက်

ရက်စွဲ၊ ၂၀    ခုနှစ်၊        လ    ရက်

----------------------------- ပြည်နယ် / တိုင်းဒေသကြီး၊ ------------------------- မြို့နယ်၊ ----------------------- ရပ်ကွက်၊ --------------------- လမ်း၊ အမှတ်(    ) နေ အဘ -------------------၊ အမိ ----------------------- ၏ သား / သမီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------- ကိုင်ဆောင်သူ ကျွန်တော် / ကျွန်မ --------------------------------- သည် ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ဘူးခြင်းမရှိကြောင်း၊ ယခင်က အထက်တန်းရှေ့နေလိုင်စင် လျှောက်ထားခဲ့ဘူးခြင်း မရှိကြောင်း၊ ယခုလျှောက်လွှာတွင် ဖော်ပြထားသည့်အချက်အလက်များ မှန်ကန်ကြောင်းနှင့် မမှန်မကန်တင်ပြကြောင်း စစ်ဆေးတွေ့ရှိပါက လိုအပ်သလိုအရေးယူခြင်းခံရမည်ကို သိရှိနားလည်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ----------------------------------------

အမည် ------------------------------------------

နိုင်ငံသားစိစစ်ရေး----------------------------------------

ကတ်ပြားအမှတ်

နေရပ်လိပ်စာ ------------------------------------------

------------------------------------------

------------------------------------------

**အထက်တန်းရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားခြင်း**

**လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

၁။ လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀/- ထမ်းဆောင်ရမည်။ လျှောက်လွှာကို ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လိပ်မူလျှောက်ထားရပါမည်။)

၂။ တိုက်ပုံအနက်နှင့် ဓါတ်ပုံ ( ၃ ) ပုံ (၁ လက်မ ပတ်လည်၊ နောက်ခံအပြာရောင်) (အမျိုးသားများသည် တိုက်ပုံအနက်ဝတ်ဆင်ပြီး ခေါင်းပေါင်း မဝတ်ဆင်ရ။ ရင်ထိုး တံဆိပ်တပ်ဆင်ခြင်းမရှိစေရ။ အမျိုးသမီးများသည် ဆံပင်ထုံးဖွဲ့ထားပြီး တိုက်ပုံအနက်ရောင် ဝတ်ဆင်ထားရမည်။ ရင်ထိုး တံဆိပ် တပ်ဆင်ခြင်းမရှိစေရ။ လျှောက်လွှာတင်သည့်ရက်အတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။)

၃။ တက္ကသိုလ်ဝင်တန်း/အခြေခံပညာအထက်တန်း / အဆင့်မြင့်တန်းစာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူ

၄။ ဥပဒေဘွဲ့ / ဥပဒေဘွဲ့နှင့် အဆင့်အတန်းတူညီကြောင်း သတ်မှတ်ထားသည့် ဘွဲ့/ ဒီပလိုမာ / စာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူ (ရရှိခဲ့သော ဘွဲ့များအားလုံး၏ ဘွဲ့လက်မှတ်များမူရင်းနှင့်မိတ္တူ တင်ပြရန်)

၅။ အလုပ်သင်ဆင်းခွင့်ပြုကြောင်း အကြောင်းကြားစာမူရင်း။

၆။ အလုပ်သင်ပြီးဆုံးကြောင်း ထောက်ခံချက် (၁) စောင်။

၇။ လုပ်သက် (၅) နှစ်ပြည့်ပြီး တရားလွှတ်တော်ရှေ့နေ (၂) ဦးတို့၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ။

၈။ အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်းမရှိကြောင်း ကျမ်းကျိန်ချက်မူရင်း (အစိုးရဝန်ထမ်းဖြစ်က တင်ပြရန်မလို)။

၉။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက အလုပ်အတည်ပြုခန့်သည့် အမိန့်မိတ္တူနှင့် အထက်တန်းရှေ့နေလိုင်စင် လျှောက်ထားခြင်းကို သက်ဆိုင်ရာ ဌာနအကြီးအကဲမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်။

၁၀။ အထက်တန်းရှေ့နေလိုင်စင်ကို ယခင်ကလျှောက်ထားခဲ့ဖူးခြင်း မရှိကြောင်း ကျမ်းကျိန်လွှာ မူရင်း။

၁၁။ အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

၁၂။ ပြင်ရာဖျက်ရာမပါရှိသော အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ - ၆၆/၆) မူရင်းနှင့်မိတ္တူ။

၁၃။ အလုပ်သင်(၁)နှစ်ပြည့် မှတ်တမ်းစာအုပ်တင်ပြရန်၊ သင်ကြားထားသည့်အချက် ဥပဒေ/ပုဒ်မများ အားလုံးပြည့်စုံမှန်ကန်စွာဖော်ပြထားပြီး အလုပ်သင်ဆရာ၏ စိစစ်ပြီးကြောင်း အထောက်အထားများ ပါဝင်ရမည်။

## မှတ်ချက်

၁။ ပြည့်စုံမှုမရှိသောလျှောက်လွှာများအား လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါ။

၂။ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ - ၆၆/၆)တို့တွင် လျှောက်ထားသူ၏ ကိုယ်ရေး အချက်အလက်များ ကွဲလွဲမှုရှိနေပါက သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်ဖြင့် ရှင်းလင်းတင်ပြရန် ဖြစ်ပါသည်။

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ - ၆၆/၆)တို့တွင် အလုပ်အကိုင်ဖော်ပြထားပါက လက်ရှိအခြေအနေကို အထောက်အထားနှင့်တကွ ရှင်းလင်းတင်ပြရန်ဖြစ်ပါသည်။

၄။ ကိုယ်စားလှယ်လက်မှတ်ရေးထိုးခြင်းများ၊ မမှန်ဖော်ပြထားခြင်းများ စိစစ်တွေ့ရှိပါက လျှောက်လွှာကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါ။

၅။ မိတ္တူများအားလုံးတွင် မိတ္တူမှန်ဖြစ်ကြောင်း လာရောက်လျှောက်ထားသူကိုယ်တိုင် တာဝန်ယူလက်မှတ်ရေးထိုးရပါမည်။